# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တောင်ကိုရီးယားနိုင်ငံ)

မေမြန်မာ

## နိဒါန်း

တောင်ကိုရီးယားနိုင်ငံသည် အရှေ့အာရှတွင်ပါဝင်ပြီး ကိုရီးယားကျွန်းဆွယ်၏ တောင်ဘက်ပိုင်းဖြစ်ကာ အနောက်ဘက်တွင် တရုတ်နိုင်ငံ၊ အရှေ့ဘက်တွင် ဂျပန်နိုင်ငံနှင့် မြောက်ဘက်တွင် မြောက်ကိုရီးယားနိုင်ငံတို့နှင့် ထိစပ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ကိန်းဂဏန်းများအရ စုစုပေါင်းလူဦးရေ ၅၁၇၀၉၀၉၈ ဦး ရှိပါသည်။ မြို့တော်မှာ ဆိုးလ်ဖြစ်ပြီး လူဦးရေ ၂၅ သန်းကျော် (နိုင်ငံလူဦးရေ စုစုပေါင်း၏ ထက်ဝက်ခန့်) နေထိုင်လျက်ရှိပါသည်။ တောင်ကိုရီးယားနိုင်ငံသည် အာရှကျားလေးကောင် သို့မဟုတ် နဂါးလေးကောင်အဖြစ် စင်ကာပူ၊ ထိုင်ဝမ်၊ ဟောင်ကောင်တို့နှင့်အတူ ပူးတွဲသတ်မှတ်ခံရသည့် အာရှတိုက်၏ စီးပွားရေးအင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံသမ္မတသည် တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ခေါင်းဆောင်၊ အစိုးရအဖွဲ့ခေါင်းဆောင်၊ ကာကွယ်ရေးဦးစီးချုပ် ဖြစ်သည်။ လက်ရှိသမ္မတမှာ မွန်းဂျေးအင်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၁၉ ခုနှစ် မတ်လ ၁ ရက်နေ့တွင် လွတ်လပ်ရေးကြေညာခဲ့ပြီး ၁၉၁၉ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အစိုးရတစ်ရပ် စတင်ဖွဲ့စည်းအုပ်ချုပ်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဂျပန်နိုင်ငံမှ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် တောင်ကိုရီးယားသမ္မတနိုင်ငံအဖြစ် ထူထောင်ခဲ့သည်။ လက်ရှိကျင့်သုံးလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ အခြားသောဒီမိုကရေစီနိုင်ငံများကဲ့သို့ပင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်ကို ကျင့်သုံးသည်။ တောင်ကိုရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြိမ်ကြိမ် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သမ္မတကို ပြည်သူများက တိုက်ရိုက်ရွေးချယ်သည့်စနစ်ကို ကျင့်သုံးခဲ့သော်လည်း ၁၉၆၀ နှင့် ၁၉၈၀ ပြည့်နှစ်များ အကြားတွင် စစ်ဘက်ဆိုင်ရာအုပ်ချုပ်မှုများ ရှိခဲ့သည်။




## ရွေးကောက်ပွဲအမျိုးအစားများနှင့် ရွေးကောက်ပွဲစနစ်

တောင်ကိုရီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရ ရွေးကောက်ပွဲများရှိသည်။ သမ္မတရွေးကောက်ပွဲအား ငါးနှစ်လျှင်တစ်ကြိမ် ကျင်းပပြီး လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲများအား လေးနှစ်တစ်ကြိမ် ကျင်းပပါသည်။ ဒေသန္တရ ရွေးကောက်ပွဲများမှာ မြို့တော်အုပ်ချုပ်ရေးမှူးများ၊ မက်ထရိုပိုလီတန်နှင့် မြူနီစီပယ်မြို့တော်ဝန်များ၊ ခရိုင်နှင့် မြူနီစီပယ်လွှတ်တော်များအား ရွေးချယ်တင်မြှောက်ရန် ကျင်းပခြင်းဖြစ်သည်။

သမ္မတအား ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်ပါသည်။ တောင်ကိုရီးယား အမျိုးသားလွှတ်တော်တွင် လွှတ်တော်အမတ်နေရာ ၃၀၀ ရှိပြီး ၂၅၃ နေရာ(၈၄ ရာခိုင်နှုန်း)အား နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်ကာ ကျန်နေရာ ၄၇ နေရာ (၁၆ ရာခိုင်နှုန်း) အား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများသည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိရေးအတွက် နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်သောရွေးကောက်ပွဲတွင် စုစုပေါင်းဆန္ဒမဲ၏ ၃ ရာခိုင်နှုန်း သို့မဟုတ် အမတ်နေရာ အနည်းဆုံး ငါးနေရာ အနိုင်ရရှိရမည် ဖြစ်ပါသည်။

သို့ရာတွင် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် မူကြမ်းတင်သွင်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဥပဒေအရ နိုင်သူအကုန်ယူစနစ် (FPTP) နှင့် Closed List အချိုးကျကိုယ်စားပြုစနစ်တို့အပြင် Additional Member System ကိုပါ ပေါင်းစပ်ကျင့်သုံးခဲ့သည်။

## ရွေးကောက်ပွဲစနစ်အသစ် (လွှတ်တော်ရွေးကောက်ပွဲများအတွက်)

လွှတ်တော်ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲစနစ်အသစ်ကို ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲများမှ စတင်ကျင့်သုံးခဲ့သည်။ ယခင်က လွှတ်တော်အမတ်နေရာ ၃၀၀ အနက် ၂၅၃ နေရာအား နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်ကာ ကျန်နေရာ ၄၇ နေရာအား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သော်လည်း ရွေးကောက်ပွဲစနစ်အသစ်အရ PR ၄၇ နေရာ အနက် ၃၀ နေရာအား Additional Member System ကိုအသုံးပြုပြီး ကျန် ၁၇ နေရာအတွက်သာ ယခင်ကကဲ့သို့ Parallel Voting Method ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ ပြောင်းလဲကျင့်သုံးသည့် စနစ်သစ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အသက်အရွယ်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့ လျှော့ချခဲ့ပြီး ယင်းကြောင့် ၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲတွင် လူငယ် ငါးသိန်းခန့် မဲပေးခွင့်ရရှိခဲ့သည်။

## ရွေးကောက်ပွဲနေ့

တောင်ကိုရီးယားနိုင်ငံတွင် ယခင်က ရွေးကောက်ပွဲကျင်းပရမည့်နေ့ရက်အား ဥပဒေတွင် သတ်မှတ်ဖော်ပြထားခြင်း မရှိခဲ့သဖြင့် အာဏာရအစိုးရ သို့မဟုတ် အာဏာရပါတီတွင် ရွေးကောက်ပွဲနေ့ရက်အား ၎င်းတို့ဆန္ဒရှိသကဲ့သို့ သတ်မှတ်ခွင့်ရှိနေခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် Public Official Election Act ကို ပြင်ဆင်ခဲ့ပြီးနောက် ရွေးကောက်ပွဲများ ကျင်းပရမည့်ရက်များကို သတ်မှတ်နိုင်ခဲ့သည်။ သို့သော်ငြားလည်း အကြောင်းတစ်စုံတစ်ရာကြောင့် သမ္မတနေရာ လစ်လပ်သွားသည့်အခါ သို့မဟုတ် ရွေးကောက်ပွဲ ပြန်လည်ကျင်းပရသည့်အခါ သို့မဟုတ် ဒေသန္တရအစိုးရများ ပေါင်းစည်းခြင်း၊ ဖျက်သိမ်းခြင်းများ ဖြစ်ပေါ်သည့်အခါများတွင် ရွေးကောက်ပွဲနေ့အား သမ္မတ သို့မဟုတ် ယာယီသမ္မတ သို့မဟုတ် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက သတ်မှတ်နိုင်သည်။ ရွေးကောက်ပွဲကျင်းပရမည့် နေ့ရက်များအား အောက်ပါအတိုင်း သတ်မှတ်ထားသည်-

၁။ **သမ္မတရွေးကောက်ပွဲများ** လက်ရှိသမ္မတသက်တမ်းမကုန်ဆုံးမီ ရက် ၇၀ အလို ပထမဦးဆုံးသော ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန်ဖြစ်သည်။

၂။ **လွှတ်တော်ရွေးကောက်ပွဲများ** လက်ရှိ လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၅၀ အလို ပထမဦးဆုံးသော ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် ဖြစ်သည်။

၃။ **ဒေသန္တရရွေးကောက်ပွဲများ** လက်ရှိ လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အလို ပထမဦးဆုံးသော ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် ဖြစ်သည်။

၄။ **အထူးရွေးကောက်ပွဲများ/ ပြန်လည်ကျင်းပရသော ရွေးကောက်ပွဲများ** ဧပြီလ၏ နောက်ဆုံး ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် ဖြစ်သည်။ သို့သော်လည်း ယင်းနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်လျှင် သို့မဟုတ် ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက် သို့မဟုတ် ရွေးကောက်ပွဲပြီး နောက်တစ်ရက်သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်လျှင် ရွေးကောက်ပွဲများကို ယင်းသီတင်းပတ်၏ နောက်တစ်ပတ်တွင် ကျရောက်သည့် ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန်ဖြစ်သည်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမှာ သမ္မတရွေးကောက်ပွဲအတွက် ၂၃ ရက်ဖြစ်ပြီး လွှတ်တော်ရွေးကောက်ပွဲများ သို့မဟုတ် ဒေသန္တရရွေးကောက်ပွဲများအတွက် ၁၄ ရက် ဖြစ်သည်။ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအား ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းသည့် သတ်မှတ်နောက်ဆုံးရက်အပြီး နောက်နေ့မှ စတင်ကာ ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလိုအထိ ခွင့်ပြုထားသည်။ ရွေးကောက်ပွဲနေ့တွင် မဲဆွယ်စည်းရုံးခွင့်မရှိပါ။

## မဲပေးခွင့်သတ်မှတ်ချက်များ

အသက် ၁၉ နှစ်ပြည့်ပြီးသော တောင်ကိုရီးယားနိုင်ငံသားများသည် သမ္မတရွေးကောက်ပွဲများနှင့် လွှတ်တော်ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင်နေထိုင်ပြီး သက်ဆိုင်ရာဒေသန္တရအစိုးရက မဲစာရင်းပြုစုရန်အတွက် သတ်မှတ်ထားသည့် နေ့ရက်နှင့်အညီ အသက် ၁၉ နှစ် ပြည့်ပြီးသော တောင်ကိုရီးယားနိုင်ငံသားများသည် ဒေသန္တရ ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိပါသည်။ မဲပေးခွင့်အသက်အရွယ်အား ၂၀၁၉ ခုနှစ်တွင် ၁၈ နှစ်သို့ လျှော့ချခဲ့သည်။ Immigration Control Act ပုဒ်မ ၃၄ (နိုင်ငံခြားသားများ မဲစာရင်းပုံစံပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်း)အရ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် မှတ်ပုံတင်ထားပြီး အနည်းဆုံး သုံးနှစ်ကြာ နေထိုင်ပြီးသည့် တောင်ကိုရီးယားနိုင်ငံသား မဟုတ်သူများသည် မဲပေးခွင့်ရှိပါသည်။

စာမျက်နှာ ၉ သို့

- တောင်ကိုရီးယားနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရ ရွေးကောက်ပွဲများရှိသည်။ သမ္မတရွေးကောက်ပွဲအား ငါးနှစ်လျှင် တစ်ကြိမ် ကျင်းပပြီး လွှတ်တော် ရွေးကောက်ပွဲများနှင့် ဒေသန္တရရွေးကောက်ပွဲများအား လေးနှစ်တစ်ကြိမ် ကျင်းပပါသည်။
- သမ္မတအား ပြည်သူလူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပြီး နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်ပါသည်။ တောင်ကိုရီးယား အမျိုးသား လွှတ်တော်တွင် လွှတ်တော်အမတ်နေရာ ၃၀၀ ရှိပြီး ၂၅၃ နေရာ (၈၄ ရာခိုင်နှုန်း) အား နိုင်သူအကုန်ယူစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်ကာ ကျန်နေရာ ၄၇ နေရာ (၁၆ ရာခိုင်နှုန်း) အား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်သည်။

*စာမျက်နှာ ၈ မှ*

အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မဲပေးခွင့်မပြုပါ -

- စိတ်ပေါ့သွပ်သည်ဟု ကြေညာခံထားရသူများ
- အလုပ်ကြမ်း သို့မဟုတ် ကြီးလေးသော ပြစ်ဒဏ်မပါဘဲ ထောင်ဒဏ်ကျခံရသော်လည်း ၎င်း၏ ပြစ်ဒဏ်သတ်မှတ်ချက်အား ကင်းလွတ်ခွင့်မရရှိသေးသောသူများ သို့မဟုတ် ပြစ်ဒဏ်ကာလ မကုန်ဆုံးသေးသောသူများ
- ရွေးကောက်ပွဲပြစ်မှုကျူးလွန်သူများ၊ ရွေးကောက်ပွဲအက်ဥပဒေ/ နိုင်ငံရေးပါတီရန်ပုံငွေ အက်ဥပဒေ ချိုးဖောက်သူများ၊ သမ္မတအနေဖြင့်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် သော်လည်းကောင်း၊ ဒေသန္တရကောင်စီအဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ဒေသန္တရအစိုးရ အကြီးအကဲအဖြစ်သော်လည်းကောင်း၊ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပြစ်မှုကျူးလွန်သူများ
- တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးက ၎င်း၏ မဲပေးခွင့်ကို ရုပ်သိမ်းထားခြင်းခံရသူ သို့မဟုတ် ဆိုင်းငံ့ထားခြင်းခံရသူများ

## ကိုယ်စားလှယ်လောင်းအရည်အချင်းသတ်မှတ်ချက်များ

နိုင်ငံအတွင်းတွင် ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံး ငါးနှစ်ကြာ အခြေချနေထိုင်ခဲ့ဖူးသူ အသက် ၄၀ နှစ်ပြည့်ပြီးသည့် တောင်ကိုရီးယားနိုင်ငံသားများသည် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ အသက် ၂၅ နှစ် ပြည့်ပြီးသော တောင်ကိုရီးယား နိုင်ငံသားများသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် နေထိုင်သူအဖြစ် သက်ဆိုင်ရာ ဒေသန္တရအစိုးရထံတွင် မှတ်ပုံတင်ထားပြီး ယင်းမဲဆန္ဒနယ်တွင် တစ်ဆက်တစ်စပ်တည်း ရက်ပေါင်း ၆၀ အနည်းဆုံး နေထိုင်ထားသည့် တောင်ကိုရီးယားနိုင်ငံသားများသည် ဒေသန္တရကောင်စီ အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း၊ ဒေသန္တရအစိုးရအဖွဲ့ အကြီးအကဲအဖြစ်သော်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

## မဲစာရင်းပြုစုခြင်း

ရွေးကောက်ပွဲများကျင်းပချိန်တွင် သက်ဆိုင်ရာ Gu/ Si/ Gun (ရပ်ကွက်/မြို့နယ်/ခရိုင်) အကြီးအကဲက ကွန်ပျူတာစနစ်ကို အသုံးပြုပြီး မဲရုံတစ်ရုံချင်းစီအတွက် တောင်ကိုရီးယားနိုင်ငံသားများအတွက် မဲစာရင်းနှင့် တောင်ကိုရီးယားနိုင်ငံသားမဟုတ်သော်လည်း ပြည်တွင်းနေထိုင်ခွင့်ရရှိသူများ (ဒေသန္တရ ရွေးကောက်ပွဲများအတွက်သာ) အတွက် မဲစာရင်းတို့ကို ပြုစုရပါသည်။ မဲဆန္ဒရှင်တိုင်းသည် ၎င်းတို့၏ မဲစာရင်းအား လွတ်လပ်စွာ စစ်ဆေးနိုင်သည်။ အွန်လိုင်းမှ စစ်ဆေးမည်ဆိုပါက ၎င်းတို့ တစ်ဦးချင်းစီနှင့် သက်ဆိုင်သည့် အချက်အလက်များကိုသာ စစ်ဆေးခွင့်ရှိပါသည်။ မဲစာရင်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် တစ်စုံတစ်ရာ ပြုလုပ်မည်ဆိုပါက မဲဆန္ဒရှင်များအနေဖြင့် ကန့်ကွက်လွှာ သို့မဟုတ် တောင်းဆိုလွှာ တင်သွင်းဆောင်ရွက်နိုင်သည်။ အကယ်၍ မဲစာရင်းတွင် မဲဆန္ဒပေးခွင့်ရှိသူတစ်ဦး၏ အမည်ပါဝင်နေခြင်းမရှိပါက အဆိုပါမဲဆန္ဒရှင်ကို မဲစာရင်းတွင် ထည့်သွင်းရန် အလို့ငှာ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ထံ အကြောင်းကြားဆောင်ရွက်နိုင်သည်။

## ကြိုတင်မဲပေးပိုင်ခွင့်ရှိသူစာရင်း ပြုစုခြင်း

မဲပေးခွင့်ရှိသော ပြည်တွင်းနေထိုင်သူတစ်ဦး (နိုင်ငံခြားသားများမှအပ) သည် ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ သွားရောက်နိုင်ခြင်းမရှိပါက (နာမကျန်းသူများနှင့် မသန်စွမ်းသူများ အပါအဝင်) ယင်းပုဂ္ဂိုလ်သည် ကြိုတင်မဲပေးလိုကြောင်းကို စာဖြင့်ရေးသားပြီး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုနေစဉ် ကာလအတောအတွင်းတွင် အကြောင်းကြားရမည်။ သို့မှသာ ကြိုတင်မဲပေးသူများအတွက် သတ်မှတ်ထားသော မဲရုံ သို့မဟုတ် ၎င်းနေထိုင်ရာနေရာတွင် ကြိုတင်မဲပေးနိုင်မည်ဖြစ်သည်။

## မဲစာရင်းမိတ္တူများထုတ်ပေးခြင်း

ကိုယ်စားလှယ်လောင်းများသည် မဲစာရင်းပြုစုသည့် သက်ဆိုင်ရာ အာဏာပိုင်များထံမှ မဲစာရင်းမိတ္တူကို တောင်းခံရရှိနိုင်ပြီး ယင်းမဲစာရင်းနှင့် ကြိုတင်မဲစာရင်းမိတ္တူများကို သော်လည်းကောင်း၊ ကွန်ပျူတာစနစ်ဖြင့် ထည့်သွင်းပြုစုထားသည့် မဲစာရင်းမိတ္တူကို သော်လည်းကောင်း၊ ၎င်းတို့၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စများနှင့် မဲဆွယ်စည်းရုံးခြင်းအတွက် အသုံးပြုခွင့်ရှိသည်။

## ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း

ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်ပါက သက်ဆိုင်ရာပါတီက ၎င်းအတွက် အမည်စာရင်း တင်သွင်းရသည်။ ပါတီတစ်ခုခု၏ အဖွဲ့ဝင်မဟုတ်ပါက သတ်မှတ်ထားသည့် အရေအတွက်အလိုက် မဲဆန္ဒရှင်များထံမှ ထောက်ခံချက်များ ရှိရမည် ဖြစ်သည်။

အစိုးရအရာရှိများနှင့် ကိုယ်စားလှယ်လောင်းဖြစ်ရန် သတ်မှတ်ထားခြင်းခံရသောသူများသည် ရွေးကောက်ပွဲနေ့မတိုင်မီ ရက်ပေါင်း ၉၀ အလိုမှစတင်ပြီး ၎င်းတို့၏ ရာထူးများမှ နုတ်ထွက်ရပါသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုအထောက်အထားများ၊ စစ်မှုထမ်းခြင်းဆိုင်ရာ အထောက်အထားများ၊ ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ မှတ်တမ်းများ၊ ပညာရေးအထောက်အထားများ၊ လွန်ခဲ့သည့် ငါးနှစ်အတွင်းက အခွန်ပေးဆောင်မှုမှတ်တမ်းများနှင့် ၎င်းတို့၏ ကိုယ်ရေးရာဇဝင်များကို ကိုယ်စားလှယ်လောင်းမှတ်ပုံတင် စာရင်းသွင်းသည့် ကာလအတော အတွင်းတွင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံသို့ တင်သွင်းရပါသည်။

မှတ်ပုံတင်စာရင်းသွင်းပြီးသည့်နောက်တွင် ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အရည်အချင်းမပြည့်မီခြင်းကို သော်လည်းကောင်း၊ သတ်မှတ်ချက်များအား ချိုးဖောက်သည်ကိုတွေ့ရှိရလျှင် သော်လည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်သည် အဆိုပါကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်လောင်း မှတ်ပုံတင်စာရင်းသွင်းခြင်းကို ပယ်ဖျက်နိုင်သည်။ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေတင်သွင်းရန် သတ်မှတ်ချက်မှာ သမ္မတနေရာအတွက် ကိုရီးယား ဝမ် သန်း ၃၀၀၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ကိုရီးယား ဝမ် ၁၅ သန်း၊ Si/ Do (မြို့ကြီး/ပြည်နယ်) အုပ်ချုပ်ရေးမှူးနေရာအတွက် ကိုရီးယားဝမ် သန်း ၅၀၊ Gu/Si / Gun (ရပ်ကွက်၊ မြို့နယ်၊ ခရိုင်) အကြီးအကဲနေရာအတွက် ကိုရီးယားဝမ် ၁၀ သန်းနှင့် Si/ Do ကောင်စီအဖွဲ့ဝင်နေရာ ကိုရီးယားဝမ် သုံးသန်းဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပသည့် လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရကောင်စီ ရွေးကောက်ပွဲတွင် အနိုင်ရရှိသူများ၏ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို အပြည့်အဝ ပြန်လည်ပေးအပ်သော်လည်း အကယ်၍ ရွေးချယ်ခံရမှုအား ကြေညာခံရခြင်းမတိုင်မီ ကိုယ်စားလှယ်လောင်းအဖြစ်မှ ရုပ်သိမ်းသူများနှင့် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းမှုအား ပယ်ဖျက်ခံရသည့် ကိုယ်စားလှယ်လောင်းများအား ပြန်လည်ထုတ်ပေးခြင်းမပြုပါ။

သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲနှင့် ဒေသန္တရကောင်စီရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးချယ်ခံရပါက သို့မဟုတ် ခိုင်လုံမဲ စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းနှင့်အထက် ရရှိပါက ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေအား အပြည့်အဝရရှိမည်ဖြစ်ပြီး ခိုင်လုံမဲ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်းအကြားတွင်ရရှိပါက ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေတစ်ဝက်ကို ပြန်လည်ရရှိမည်ဖြစ်ပါသည်။

## ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်း

ရွေးကောက်ပွဲကာလစတင်ချိန်မှ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက်အလိုအထိ မဲဆွယ်စည်းရုံးခွင့်ရှိပါသည်။ သမ္မတရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်၏ နောက်တစ်နေ့မှစပြီး ရွေးကောက်ပွဲကာလ စတင်ခြင်း ဖြစ်ပါသည်။ အခြားသော ရွေးကောက်ပွဲများအတွက် ရွေးကောက်ပွဲကာလ စတင်သည့်နေ့ရက်မှာ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်နေ့ အပြီး ၆ ရက်မြောက်နေ့ ဖြစ်ပါသည်။ သမ္မတရွေးကောက်ပွဲအတွက် ၂၃ ရက်ကြာ မဲဆွယ်စည်းရုံးခွင့်ပြုထားပြီး အခြားရွေးကောက်ပွဲများအတွက် ၁၄ ရက် ဖြစ်ပါသည်။

မည်သည့်တောင်ကိုရီးယားနိုင်ငံသားမဆို ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပါသည်။ သို့ရာတွင် သမ္မတ၊ ဒေသန္တရဥပဒေပြု လွှတ်တော်အဖွဲ့ဝင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှ တရားသူကြီးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အစိုးရအရာရှိများ၊ အသက် ၁၉ နှစ် မပြည့်သေးသူများ၊ အစိုးရအေဂျင်စီ/ အဖွဲ့အစည်းများတွင် အချိန်ပြည့် တာဝန်ထမ်းဆောင်နေသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ သမဝါယမအသင်းအဖွဲ့များ၊ National Forestry Cooperative Federation၊ ဒေသန္တရအစိုးရအဖွဲ့ကော်ပိုရေးရှင်းများ၊ Homeland Reserve Forces မှ အကြီးတန်းအရာရှိများ၊ Tong/ Ri/ Ban အကြီးအကဲများ၊ လူထုအခြေပြုကော်မတီအဖွဲ့ဝင်များ၊ Society for Better Tomorrow၊ Korea Saemaul Undong Center ၊ Korea Freedom Federation တို့မှ ကိုယ်စားလှယ်များနှင့် အချိန်ပြည့်ဝန်ထမ်းများအား မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ခွင့်မပြုပါ။

❖ **ရွေးကောက်ပွဲကာလစတင်ချိန်မှ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ရက်အလိုအထိ မဲဆွယ်စည်းရုံးခွင့်ရှိပါသည်။ သမ္မတရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်၏ နောက်တစ်နေ့မှစပြီး ရွေးကောက်ပွဲကာလ စတင်ခြင်းဖြစ်ပါသည်။**

❖ **မဲရုံပိတ်ပြီးနောက်တွင် မဲပုံးများအား မဲရေတွက်သည့်စင်တာများရှိရာသို့ သယ်ဆောင်ပြီးနောက် မဲရေတွက်ပါသည်။ မဲလက်မှတ်များအား Scan ဖတ်ပြီး မဲရေတွက်သည့် လုပ်ငန်းစဉ်အား ၂၀၀၂ ခုနှစ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်မှ စတင်ဆောင်ရွက်ခဲ့သည်။**

## မဲပေးခြင်း

မဲဆန္ဒရှင်များ၏ ကြိုတင်ပုံနှိပ်ထားသည့် မဲလက်မှတ်ပေါ်ရှိ ကိုယ်စားလှယ်လောင်းများ၏ အမည်များအနက် မိမိနှစ်သက်ရာ ကိုယ်စားလှယ်လောင်းအား အမှတ်အသားပြုကာ မဲပေးရခြင်းဖြစ်ပါသည်။ လွှတ်တော်ရွေးကောက်ပွဲများနှင့် ဒေသန္တရကောင်စီအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်တစ်ဦးသည် ကိုယ်စားလှယ်လောင်းအတွက် တစ်မဲနှင့် နိုင်ငံရေးပါတီအတွက် တစ်မဲ စုစုပေါင်း ဆန္ဒမဲနှစ်မဲ ပေးရပါသည်။ မဲပေးချိန်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိဖြစ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများအတွက် နံနက် ၆ နာရီမှ ည ၈ နာရီအထိ ဖြစ်သည်။ မဲရုံစတင်ဖွင့်ချိန် နံနက် ၆ နာရီ တိတိတွင် မဲရုံမှူးသည် စောင့်ကြည့်လေ့လာသူများ၏ ရှေ့တွင် မဲပုံးများကို စစ်ဆေးပြီးနောက် မဲရုံကို စတင်ဖွင့်လှစ်ပါသည်။ မဲပေးရာတွင် မဲဆန္ဒရှင်၏ သက်သေခံကတ်ပြားနှင့် မဲစာရင်းအား တိုက်ဆိုင်စစ်ဆေးပြီးနောက် မဲလက်မှတ်များကို ထုတ်ပေးပြီး မဲရုံတွင်သာ မဲပေးရပါသည်။ မဲရုံများကို ညနေ ၆ နာရီတွင်ပိတ်ပြီး ကြားဖြတ်ရွေးကောက်ပွဲများတွင်မူ ည ၈ နာရီတွင် မဲရုံပိတ်ပါသည်။ မဲရုံပိတ်ချိန်တွင် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသည့် မဲဆန္ဒရှင်များကျန်ရှိနေပါက ယင်းမဲဆန္ဒရှင်များအား နံပါတ်စဉ်များပေးကာ မဲပေးစေပြီးနောက်မှသာ မဲရုံပိတ်ပါသည်။

မဲရုံပိတ်ပြီးနောက်တွင် မဲပုံးများအား မဲရေတွက်သည့်စင်တာများ ရှိရာသို့ သယ်ဆောင်ပြီးနောက် မဲရေတွက်ပါသည်။ မဲလက်မှတ်များအား Scan ဖတ်ပြီး မဲရေတွက်သည့်လုပ်ငန်းစဉ်အား ၂၀၀၂ ခုနှစ်တွင် ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ကျင်းပချိန်မှ စတင်ဆောင်ရွက်ခဲ့သည်။ မဲရေတွက်ရာတွင် မဲလက်မှတ် ခွဲခြားရေတွက်သည့်စက် (Optical Scan Ballot Sorting and Counting Machine ) များကို အသုံးပြုသည်။ ယင်းစက်များက မဲလက်မှတ်များအား ခွဲခြား၊ အတည်ပြု၊ ရေတွက်ပေးပြီး စက်ဖြင့် ရေတွက်ရာတွင် ခွဲခြားအတည်ပြုနိုင်ခြင်းမရှိသည့် အချို့သော မဲလက်မှတ်များအား ပုံမှန်စနစ်ဖြင့် (လက်ဖြင့်) ရေတွက်ပါသည်။ မဲရုံအလိုက် ရရှိလာသည့် ဆန္ဒမဲရလဒ်များ ရရှိပြီးနောက်တွင်၊ ခရိုင်အလိုက်ရလဒ်များ ကြေညာပြီးနောက်တွင် မဲဆန္ဒနယ်အလိုက် ရလဒ်များအား ထုတ်ပြန်ကြေညာပါသည်။

မဲရုံများအား အများအားဖြင့် စာသင်ကျောင်းများတွင် ဖွင့်လှစ်သည်။ ကြိုတင်မဲပေးရန် သတ်မှတ်ကာလအတွင်းတွင် မဲဆန္ဒရှင်များသည် နိုင်ငံအတွင်း၌ မဲပေးရန်ပြင်ဆင်ထားသည့် မည်သည့်မဲရုံနေရာ၌မဆို မဲပေးခွင့်ရှိသည်။ ရွေးကောက်ပွဲနေ့တွင်မူ ၎င်းတို့၏ မဲစာရင်းရှိရာ မဲဆန္ဒနယ်အတွင်းရှိ မဲရုံနေရာများတွင်သာ မဲပေးနိုင်သည်။ မဲပေးရာတွင် မဲလက်မှတ်ပေါ်၌ မင်အနီရောင် အသုံးပြုထားသည့် ရော်ဘာတံဆိပ်တုံးဖြင့် အမှတ်အသားပြု မဲပေးခြင်းဖြစ်သည်။ တစ်ပြိုင်နက်တည်းတွင် ရွေးကောက်ပွဲ တစ်မျိုးထက်ပို၍ ကျင်းပရသည့်အချိန်မျိုး၌ မဲလက်မှတ်များအား အရောင်များဖြင့် ခွဲခြားသတ်မှတ်ပြီး မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲတစ်မျိုးစီအတွက် မဲလက်မှတ်အရောင်တစ်မျိုးစီဖြင့် မဲပေးရပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (တောင်ကိုရီးယားနိုင်ငံ)

**မေမြန်မာ**

*(ယမန်နေ့မှအဆက်)*

## သမ္မတရွေးကောက်ပွဲများ

သမ္မတရွေးကောက်ပွဲတွင် Plurality System ကို အသုံးပြုပြီး တစ်နိုင်ငံလုံးတွင် ဆန္ဒမဲ အများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက အနိုင်ရပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း တစ်ယောက်တည်းရှိနေလျှင်သော်လည်း ရွေးကောက်ပွဲကျင်းပရပြီး ကိုယ်စားလှယ်လောင်းသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန်အတွက် စုစုပေါင်းဆန္ဒမဲ၏ သုံးပုံတစ်ပုံထက် ကျော်လွန်ရရှိရမည်ဖြစ်သည်။ သမ္မတရွေးကောက်ပွဲများကို ၁၉၄၈ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၁၉၄၈၊ ၁၉၅၂၊ ၁၉၅၄၊ ၁၉၅၆၊ ၁၉၆၀၊ ၁၉၆၃၊ ၁၉၆၇၊ ၁၉၇၁၊ ၁၉၇၂၊ ၁၉၇၈၊ ၁၉၇၉၊ ၁၉၈၀၊ ၁၉၈၇၊ ၁၉၉၂၊ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၇၊ ၂၀၁၂၊ ၂၀၁၇ ခုနှစ်တို့တွင် ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ထပ်မံကျင်းပမည် ဖြစ်ပါသည်။ သမ္မတသည် သက်တမ်းတစ်ကြိမ်သာ ရွေးချယ်ခံခွင့် ရှိပါသည်။

## လွှတ်တော်ရွေးကောက်ပွဲများ

လွှတ်တော်ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ် (First Past The Post )နှင့် အချိုးကျစနစ် (Proportional Representation) ကို ရောနှောအသုံးပြုသည်။ မဲဆန္ဒနယ်ကို အခြေခံသည့် ၂၅၃ နေရာအတွက် FPTP စနစ်ကို အသုံးပြုပြီး မဲဆန္ဒရှင်များသည် ၎င်းတို့၏ မဲဆန္ဒနယ်အတွက် ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ပေးရသည်။ Closed List PR စနစ်နှင့် Additional Member စနစ်တို့ဖြင့် ၄၇ နေရာကို ရွေးချယ်ပြီး ပါတီများ၏ တစ်နိုင်ငံလုံးတွင် မဲရရှိမှု အချိုးအစားအလိုက် နေရာများခွဲဝေရရှိသည်။ နေရာခွဲဝေချထားမှု ရရှိနိုင်ရန်အတွက် နိုင်ငံရေးပါတီများသည် FPTP စနစ်ဖြင့် ကျင်းပသော နေရာများတွင် အနည်းဆုံး ငါးနေရာ အနိုင်ရရှိရန် လိုအပ်ပြီး PR စနစ်ဖြင့်ကျင်းပသည့် ကိုယ်စားလှယ်နေရာများတွင် စုစုပေါင်းဆန္ဒမဲ၏ ၃ ရာခိုင်နှုန်းထက် ကျော်လွန်ရရှိရပါသည်။




၂၀၂၀ ပြည့်နှစ် လွှတ်တော်ရွေးကောက်ပွဲတွင် အမတ်နေရာ ၃၀၀ အနိုင်ရရှိခဲ့မှု အခြေအနေ။

**သမ္မတရွေးကောက်ပွဲတွင် Plurality System ကို အသုံးပြုပြီး တစ်နိုင်ငံလုံးတွင် ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက အနိုင်ရပါသည်။ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းတစ်ယောက်တည်း ရှိနေလျှင်သော်လည်း ရွေးကောက်ပွဲကျင်းပရပြီး ကိုယ်စားလှယ်လောင်းသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရန်အတွက် စုစုပေါင်းဆန္ဒမဲ၏ သုံးပုံတစ်ပုံထက် ကျော်လွန်ရရှိရမည်ဖြစ်**

## ဒေသန္တရရွေးကောက်ပွဲများ

Si/ Do ကောင်စီရွေးကောက်ပွဲများနှင့် Gu/ Si/ Gun ကောင်စီ ရွေးကောက်ပွဲများတွင်လည်း FPTP စနစ်နှင့် PR စနစ်ကို ရောနှော အသုံးပြုသည်။ Closed List PR System ကို အသုံးပြုပြီး ကောင်စီ နေရာ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို ပါတီများအနိုင်ရရှိမှုအလိုက် ခွဲဝေသတ်မှတ်ပေးခြင်းဖြစ်သည်။

## ဒေသန္တရအစိုးရအဖွဲ့အကြီးအကဲများ ရွေးကောက်ပွဲ

နိုင်သူအကုန်ယူစနစ်ကို အသုံးပြုသည့် ဤရွေးကောက်ပွဲများ တွင် ဆန္ဒမဲရရှိမှုအများဆုံး အရေအတွက် တူညီနေသည့် ကိုယ်စားလှယ်လောင်းနှစ်ဦးရှိနေပါက အသက်ပိုကြီးသူကို ရွေးချယ်ပါသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ပါက ရွေးကောက်ပွဲကျင်းပခြင်းမပြုဘဲ အဆိုပါကိုယ်စားလှယ်လောင်းကို ရွေးကောက်ပွဲနေ့တွင် ရွေးကောက်တင်မြှောက်ပါသည်။

## တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

တောင်ကိုရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် စတင် ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ယနေ့ အချိန်အထိ စုစုပေါင်း ၉ ကြိမ်ပြင်ဆင်ခဲ့ပြီး ၁၉၈၇ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် နောက်ဆုံးပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

အခန်း ၁၀ ခန်းနှင့် ပုဒ်မ ၁၃၀ ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအား အခန်း ၁ ခန်းအနေဖြင့် ဖော်ပြပါရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်လိုပါက သမ္မတ သို့မဟုတ် လွှတ်တော် အမတ်အများစုက အဆိုပြုနိုင်သည်။ ပြင်ဆင်ချက်များအတွက် လွှတ်တော်၏သဘောတူညီချက်သာမက လူထုဆန္ဒခံယူပွဲ ကျင်းပရန်လည်း လိုအပ်သည်။ လွှတ်တော်အတွင်းရှိ အမတ်နေရာ သုံးပုံနှစ်ပုံနှင့်အထက် ရရှိရန်လိုအပ်ပြီး လူထုဆန္ဒခံယူပွဲတွင် မဲပေးခွင့်ရှိသူဦးရေ ထက်ဝက်ကျော်က မဲပေးရန်နှင့် ယင်းထက်ဝက်ကျော်၏ ၅၀ ရာခိုင်နှုန်းကျော်က ထောက်ခံမဲပေးရန် လိုအပ်သည်။

## ရွေးကောက်ပွဲကော်မရှင်

တောင်ကိုရီးယားရွေးကောက်ပွဲကော်မရှင်ကို ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လွှတ်တော်၊ တရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ကဲ့သို့ပင် လွတ်လပ်ပြီး အမှီအခိုကင်းသည့်အဖွဲ့အစည်းဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင် ကိုးဦး ရှိပြီး သုံးဦးကို သမ္မတကလည်းကောင်း၊ သုံးဦးကို လွှတ်တော်ကလည်းကောင်း၊ သုံးဦးကို တရားလွှတ်တော်ချုပ်ကလည်းကောင်း ရွေးချယ်ခန့်အပ်သည်။ တရားလွှတ်တော်ချုပ်က ခန့်အပ်သည့် သုံးဦးတွင်ပါဝင်သော တရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦးအား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်သည်။

အထွေထွေအတွင်းရေးမှူးချုပ်ဦးဆောင်သည့် အတွင်းရေးမှူးရုံးက ကော်မရှင်၏လုပ်ငန်းများကို ဆောင်ရွက်သည်။ နိုင်ငံအဆင့် ရွေးကောက်ပွဲကော်မရှင်၏ လက်အောက်တွင် Si/Do ရွေးကောက်ပွဲကော်မရှင် (မြို့ကြီး/ ပြည်နယ်)၊ Gu/Si/Gon ရွေးကောက်ပွဲကော်မရှင် (ရပ်ကွက်/မြို့/ခရိုင်)၊ Eup/ Myeon/ Dong ရွေးကောက်ပွဲကော်မရှင်ဟူ၍ ကော်မရှင်အဖွဲ့ခွဲအဆင့် သုံးဆင့်ဖြင့် လုပ်ငန်းများ ဆောင်ရွက်သည်။ ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပစီမံခန့်ခွဲရေးလုပ်ငန်းများကို သာမက Korean Civic Education Institute for Democracy ကို တည်ထောင်ဖွင့်လှစ်ပြီး ပြည်သူလူထုအား ရွေးကောက်ပွဲ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ Boundary Delimitation Commission ကို ရွေးကောက်ပွဲမတိုင်မီကာလများတွင် ဖွဲ့စည်းပြီး မဲဆန္ဒနယ်သတ်မှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်။ နိုင်ငံရေးပါတီအက်ဥပဒေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ပါတီရန်ပုံငွေနှင့် ပါတီလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်း ကြီးကြပ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် လူထုဆန္ဒခံယူပွဲများ ကျင်းပရန် တာဝန်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောသမဝါယမများနှင့် တက္ကသိုလ်များ၏ဥက္ကဋ္ဌများအား ရွေးချယ်သည့် ရွေးကောက်ပွဲများကိုလည်း စီမံခန့်ခွဲသည်။ ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၄ အရ ဖွဲ့စည်းပြီး သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။

## ၂၀၂၀ ပြည့်နှစ် တောင်ကိုရီးယားလွှတ်တော်ရွေးကောက်ပွဲ

တောင်ကိုရီးယားနိုင်ငံ၏ (၂၁) ကြိမ်မြောက် လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ကိုဗစ်ကာလအတွင်း ရွေးကောက်ပွဲများကျင်းပသည့် ကနဦးနိုင်ငံများထဲမှ နိုင်ငံတစ်ခုဖြစ်သည့်အပြင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုမှာလည်း ရောဂါကူးစက်ပြန့်ပွားခြင်းမရှိရန် နည်းလမ်းများ၊ ပြင်ဆင်မှုများအားကောင်းကောင်းနှင့် စီမံနိုင်ခဲ့သည့်အတွက် နိုင်ငံတကာက လေ့လာရသော ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့သည်။

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စာရင်းများအရ လူဦးရေ ၅၁၃၃၉၂၃၈ ဦးရှိပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့စာရင်းများအရ မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေ ၄၃၉၉၄၂၄၇ ရှိသည်။ COVID–19 ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သော်လည်း မဲလာပေးသူ ၂၉၁၂၇၆၃၇ ဦးရှိသည့်အတွက် မဲပေးမှုမှာ ၆၆ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲတွင် မဲဆန္ဒရှင် ၄၂၁၀၀၃၉၈ ဦးနှင့် မဲလာပေးသူ ၂၄၄၃၀၇၄၆ ဦးရှိခဲ့သဖြင့် မဲပေးမှုမှာ ၅၈ ဒသမ ၀၃ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

လွှတ်တော်နေရာ ၃၀၀ အတွက် မဲရုံပေါင်း ၁၄၃၃၀ အား ဖွင့်လှစ်ခဲ့ပြီး မဲရုံတစ်ရုံလျှင် ပျမ်းမျှမဲပေးသူ ၂၀၀၀ ဦးခန့် ရှိခဲ့ပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ ရွေးကောက်ပွဲ များတွင် မဲရေတွက်ရာစင်တာများသို့ မဲလက်မှတ်များ ပို့ဆောင်ပြီး စုပေါင်းကာမဲရေတွက်ခြင်း ဖြစ်ပါသည်။ မဲရေတွက်ရုံ တစ်ရုံလျှင် ဝန်ထမ်း ၂၅၀ ခန့် ပျမ်းမျှရှိကာ ပျမ်းမျှ မဲစာရွက် ၂၃၀၀၀၀ ခန့်အား ရေတွက်ခဲ့ပါသည်။

ရွေးကောက်ပွဲနေ့တွင် မဲမပေးနိုင်သည့် မဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲမတိုင်မီ ငါးရက်အလိုတွင် နှစ်ရက်ကြာ ကြိုတင်မဲပေးခွင့်ပြုခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းကို ဒစ်ဂျစ်တယ်စနစ်ဖြင့် တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်ထားသောကြောင့် ရွေးကောက်ပွဲနေ့ကဲ့သို့ မိမိနေထိုင်ရာအရပ်တွင်သာ မဲပေးရခြင်း မဟုတ်ဘဲ နိုင်ငံ၏ မည်သည့်နေရာတွင်မဆို ကြိုတင်မဲပေးနိုင်ပါသည်။ တစ်နိုင်ငံလုံးတွင် ကြိုတင်မဲပေးရုံ ၃၅၀၈ ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး ကြိုတင်မဲရုံတစ်ရုံလျှင် မဲပေးသည့် ဦးရေ ပျမ်းမျှ ရုံ ၃၃၀၀ ဖြစ်ပါသည်။

ကြိုတင်မဲပေးခြင်းအပြင် အဝေးမှမဲပေးခြင်း၊ သင်္ဘောပေါ်တွင် မဲပေးခြင်း၊ နိုင်ငံရပ်ခြား မဲပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။ အဝေးမှမဲပေးခြင်းစနစ်မှာ ဆေးရုံ၊ ဘိုးဘွားရိပ်သာ အစရှိသည့်နေရာများမှ ထွက်ခွာ၍မရနိုင်သူ၊ ကိုယ်ခန္ဓာမသန်စွမ်းသူ စသည့်အကြောင်းရင်းများကြောင့် မဲရုံများသို့ သွားရောက်ရန် အခက်အခဲရှိနေသူ မဲဆန္ဒရှင်များအတွက် မိမိနေထိုင်ရာနေရာတွင် စာတိုက်မှတစ်ဆင့် မဲပေးစေသည့်နည်းလမ်းဖြစ်ပါသည်။ ကြိုတင်စာရင်းပေးသွင်းထားရပြီး အမည်စာရင်းပေးသွင်းရသည့် ကာလမှာ ရွေးကောက်ပွဲမတိုင်မီ ၂၂ ရက်အလိုမှစတင်ကာ ငါးရက်အတွင်း ဖြစ်ပါသည်။

နိုင်ငံခြားတွင်နေထိုင်သည့် တောင်ကိုရီးယားနိုင်ငံသားများ၊ နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများသည် သက်ဆိုင်ရာနိုင်ငံများရှိ တောင်ကိုရီးယားသံရုံးများရှိ မဲရုံများတွင် မဲပေးနိုင်ပါသည်။ နိုင်ငံခြား ကြိုတင်မဲပေးခြင်းကို ၂၀၀၉ ခုနှစ်မှစတင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း COVID-19 ကပ်ရောဂါ ဖြစ်ပွားနေချိန်ဖြစ်သဖြင့် နိုင်ငံပေါင်း ၅၀ ကျော်ရှိ သံရုံးများ၌ ကြိုတင်မဲပေးခြင်းကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ ပင်လယ်ပြင်ရှိသင်္ဘောများပေါ် ရောက်ရှိနေသည့် တောင်ကိုရီးယား နိုင်ငံသားများအား သင်္ဘောများပေါ်တွင် မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်သဖြင့် ရောဂါကူးစက်ခံထားရသူများအတွက် အဝေးရောက်မဲပေးခြင်းနှင့် ကြိုတင်မဲပေးခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ ဤရွေးကောက်ပွဲတွင် အဝေးရောက်မဲပေးရန် စာရင်းပေးသွင်းရမည့် နောက်ဆုံးရက်မှာ မတ်လ ၂၈ရက်နေ့ဖြစ်သဖြင့် ယင်းနေ့မတိုင်မီကူးစက်ခံရသူများမှာ အဝေးရောက်မဲပေးနိုင်ပြီး ယင်းနောက်ပိုင်းတွင် ရောဂါကူးစက်ဖြစ်ပွားသူများမှာ အထူးရွေးကောက်ပွဲမဲရုံတွင် မဲပေးရပါသည်။ မဲပေးထားသည့် မဲလက်မှတ်ပါရှိသည့်စာအိတ်များအား ကော်မရှင်သို့ ပို့ဆောင်ရာတွင် ရောဂါပိုးပျံ့နှံ့ခြင်း မရှိစေရန် အခြေခံသန့်ရှင်းရေးစည်းကမ်းများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အဝေးရောက်မဲပေးရန် စာရင်းပေးသွင်းထားသူ ၁၀၀၅၉၂ ဦး ရှိခဲ့သည့်အနက် ရောဂါကူးစက်ခံရသဖြင့် အဝေးရောက်မဲပေးရန် စာရင်းသွင်းသူ ၃၆၄ ဦးရှိခဲ့ပါသည်။

အဝေးရောက်မဲပေးခြင်းအတွက် စာရင်းပေးသွင်းရမည့်ရက်နောက်ပိုင်းတွင် ရောဂါကူးစက်ခံရသူများအတွက် အထူးရွေးကောက်ပွဲ မဲရုံ ရှစ်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါမဲရုံများတွင် ရောဂါကူးစက်ခံရသူများအပြင် မဲရုံရှိ ကျန်းမာရေးဝန်ထမ်းများပါ မဲပေးနိုင်စေရန် ဆောင်ရွက်ခဲ့ပါသည်။ ကိုဗစ်လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက်ထားရှိသည့် အထူးမဲရုံဝန်ထမ်းများသည် နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်နှင့် လက်အိတ် အစရှိသည့် ကာကွယ်ရေးဝတ်စုံအပြည့်ကို ဝတ်ဆင်ရသည်။ ပုံမှန်ကြိုတင်မဲပေးခြင်းအား နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နှစ်ရက်ကြာ ခွင့်ပြုသော်လည်း အထူးရွေးကောက်ပွဲမဲရုံအား တစ်ရက်သာ ခွင့်ပြုပါသည်။ အထူးမဲရုံ ရှစ်ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၄၄၆ ဦးမဲပေးခဲ့ပြီး ရောဂါကူးစက်ခံရသူ ၁၄၇ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၂၉၉ ဦး ဖြစ်ပါသည်။

ရောဂါပိုးကူးစက်သူနှင့် ထိတွေ့မှုရှိသူများ၊ နိုင်ငံခြားမှ ပြန်လာသည့်သူများအား ၁၄ ရက်ကြာ အိမ်တွင်စောင့်ကြည့်ခံရသည့်အတွက် ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ယင်းစောင့်ကြည့်ခံရသူများသည် စောင့်ကြည့်ကာလ စည်းကမ်းများအား ချိုးဖောက်ပါက ကူးစက်ရောဂါတိုက်ဖျက်ရေးဥပဒေအရ တစ်နှစ်အောက် ထောင်ဒဏ် သို့မဟုတ် ဝမ်သိန်း ၁၀၀ အောက် ဒဏ်ကြေးပေးဆောင်ရပါသည်။ မဲပေးရန်အတွက် ညနေ ၅ နာရီ မိနစ် ၂၀ မှ ၇ နာရီအထိ အပြင်ထွက်ခွင့်ပြုပြီး ညနေ ၆ နာရီ မတိုင်မီ မဲရုံသို့ အရောက်သွားကာ နံပါတ်စဉ်ရယူပြီး သာမန်မဲပေးချိန်ပြီးနောက်တွင် မဲပေးရခြင်းဖြစ်ပါသည်။ တည်ဆဲရွေးကောက်ပွဲဥပဒေ၌ မဲပေးချိန်ပြီးသည့်အခါ မဲရုံတွင် မဲပေးရန်စောင့်နေသော မဲဆန္ဒရှင်များအတွက် နံပါတ်စဉ်ပေးကာ မဲပေးစေရမည်ဟုပါရှိသည့်အတွက် ယင်းအချက်ကို အသုံးပြုခြင်းဖြစ်ပါသည်။

သာမန်မဲပေးသူများ မဲရုံမှ ထွက်ခွာသွားပြီးချိန်၌ သီးခြားဆောက်လုပ်ထားသော ယာယီမဲပေးခန်းတွင် မဲပေးရခြင်းဖြစ်ပြီး လေ့လာသူများအား နေအိမ်စောင့်ကြည့်ခံရသူ၏လမ်းကြောင်းမှ ၂ မီတာအထက်အကွာတွင် စောင့်ကြည့်လေ့လာခွင့်ပြုပါသည်။ နေအိမ်စောင့်ကြည့်ခံရသူများအတွက် ယာယီ မဲပေးခန်း ၅၅၀၀ ခုအား ဖွင့်လှစ်ခဲ့ကာ နေအိမ်စောင့်ကြည့်ခံရသူ ၁၃၇၈၉ ဦးမှ စာရင်းပေးသွင်းခဲ့ပြီး ၁၁၁၅၁ ဦးမဲပေးခဲ့သဖြင့် မဲပေးမှု ၈၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ ရွေးကောက်ပွဲကာလတွင် နေအိမ်စောင့်ကြည့်ခံရသူ ၅၉၉၁၈ ဦး ဖြစ်ပါသည်။

> **ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များထံ သတင်းအချက်အလက်ရောက်ရှိစေရန် တယ်လီဖုန်းမက်ဆေ့ချ်များ ပို့ခြင်း၊ သတင်းဌာနများမှ ထုတ်လွှင့်ခြင်း၊ တစ်နိုင်ငံလုံးတွင် ပိုစတာများကပ်ခြင်း၊ မဲဆန္ဒရှင်ကျင့်ဝတ်အား မဲရုံအတွင်းတွင် ကပ်ထားခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ပြီး မဲပေးခြင်း၊ မဲရေတွက်ခြင်းများကို နိုင်ငံတော်ပိုင်ရုပ်သံဌာနများမှ အချိန်အပိုင်းအခြားအလိုက် ထုတ်လွှင့်ပြသခဲ့သဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ခဲ့**

ရွေးကောက်ပွဲကြောင့် COVID-19 ကပ်ရောဂါ ပိုမိုပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရွေးကောက်ပွဲနေ့၌ ပိုးသတ်ခြင်း၊ မဲရုံပုံစံများပြင်ဆင်ဖွဲ့စည်းခြင်း၊ COVID-19 ကပ်ရောဂါဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားခြင်း၊ လမ်းညွှန်ချက်များအား အသိပေးခြင်း၊ မဲပေးမှုအဆင့်ဆင့်တွင် ရောဂါကူးစက် ပျံ့နှံ့မှုမဖြစ်ပွားဘဲ နည်းလမ်းတကျမဲပေးနိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ မဲရေတွက်ရာစင်တာများတွင်လည်း အလားတူ စည်းကမ်းချက်များ ချမှတ်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ မဲပေးမည့်နေ့ မတိုင်ခင် ညနေမှစတင်ကာ မဲရုံများကို ပိုးသတ်ထားပြီး မည်သူမျှ ဝင်ထွက်ခွင့်မရှိပါ။

ရွေးကောက်ပွဲနေ့တွင်မဲရုံ၌ မဲပေးရာတွင် မဲရုံပရိဝုဏ်တစ်ခုလုံးတွင် အမှတ်အသားများကိုထားရှိပြီး မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦးအကြား တစ်မီတာစီခွာပြီးနေရသည်။ မဲဆန္ဒရှင် သက်သေခံကတ်ပြားကို အဆင်သင့်ထုတ်ထားရန်လိုအပ်ပြီး လက်များကို ပိုးသတ်ဆေးဖြင့် စင်ကြယ်စွာ ဆေးကြောထားရန်နှင့် ၎င်းတို့ကိုပေးထားသော လက်အိတ်များကို အချိန်ပြည့်ဝတ်ဆင်ရသည်။ မဲရုံအတွင်းသို့ ဝင်ရောက်ပြီးသည်နှင့် မဲဆန္ဒရှင်စစ်မှန်ကြောင်းသိရှိရန် Mask ဖယ်ပြရသော်လည်း မဲပေးသည့်အဆင့်အားလုံးတွင် လက်အိတ်ဝတ်ခြင်း၊ မျက်နှာဖုံးအုပ်ခြင်းများဆောင်ရွက်ရသည်။ မဲရုံထွက်ခွာရာတွင် အသုံးပြုပြီးသော လက်အိတ်များကို မဲရုံအပေါက်ဝရှိ တစ်ခါသုံးပစ္စည်းများ လွှင့်ပစ်သည့် အမှိုက်ပုံးထဲသို့ စွန့်ပစ်ရသည်။

မဲပေးစဉ်အတွင်း မဲပေးသည့်အခန်းများ၊ တံဆိပ်တုံးများနှင့် ရွေးကောက်ပွဲသုံးပစ္စည်းများကို သတ်မှတ်ချိန်တိုင်းတွင် ပိုးသတ်ပြီး မဲရုံပရိဝုဏ်များကို လေဝင်လေထွက်ကောင်းသည့်နေရာများတွင် ထားရှိသည်။ Mask တပ်ရန်၊ တစ်မီတာအထက် ခပ်ခွာခွာနေရန်၊ တစ်ခါသုံးပလတ်စတစ် လက်အိတ်ဝတ်ဆင်ရန် အစရှိသည့် အချက်အလက်များပါဝင်သည့် "ဧပြီလ ၁၅ ရက်နေ့တွင် မဲပေးရာ၌ တစ်နိုင်ငံလုံး လိုက်နာရမည့်စည်းကမ်း"ကို ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့ပြီး မဲပေးခြင်းလမ်းညွှန်ချက်၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်စာရင်းများနှင့်အတူ သတင်းဌာနများသို့ ပေးပို့ခဲ့ပါသည်။ ကိုဗစ်ကာလ ရွေးကောက်ပွဲအတွက် အရေးကြီးသည့်အချက်တစ်ခုမှာ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး လုပ်ဆောင်ရမည့်တာဝန်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများအကြား ရှင်းလင်းနေရန် လိုအပ်ပါသည်။

ရွေးကောက်ပွဲကြောင့် ကူးစက်ခံရသူတစ်ဦးမျှ မရှိခဲ့ခြင်းမှာ ပြည်သူလူထု၏ ၎င်းတို့ဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ခြင်းက အဓိကကျသော်လည်း ဆောင်ရွက်ထားသည့် အစီအမံများကိုသာမက မည်သည့်အတွက်ကြောင့် အဆိုပါနည်းလမ်းများသုံးရသည်၊ စီစဉ်ထားရသည်ကို ရွေးကောက်ပွဲကော်မရှင်က ပြည်သူများထံ ကောင်းမွန်စွာ အသိပေးနိုင်ခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်များထံ သတင်းအချက်အလက်ရောက်ရှိစေရန် တယ်လီဖုန်းမက်ဆေ့ချ်များ ပို့ခြင်း၊ သတင်းဌာနများမှ ထုတ်လွှင့်ခြင်း၊ တစ်နိုင်ငံလုံးတွင် ပိုစတာများကပ်ခြင်း၊ မဲဆန္ဒရှင်ကျင့်ဝတ်အား မဲရုံအတွင်းတွင် ကပ်ထားခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ပြီး မဲပေးခြင်း၊ မဲရေတွက်ခြင်းများကို နိုင်ငံတော်ပိုင်ရုပ်သံဌာနများမှ အချိန်အပိုင်းအခြားအလိုက် ထုတ်လွှင့်ပြသခဲ့သဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ခဲ့သည်။

## နိဂုံး

တောင်ကိုရီးယားရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပရသည့် အခြားအကြောင်းရင်းတစ်ခုမှာ ကိုဗစ်ကာလအတွင်း မဲဆွယ်စည်းရုံးမှုဆိုင်ရာ အကန့်အသတ်များရှိခဲ့သော်လည်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ရွေးကောက်ပွဲ ကော်မရှင်၏ စီမံခန့်ခွဲမှုများ အောင်မြင်ထိရောက်ခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေး အားကောင်းခိုင်မာပြီး နည်းပညာ၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်နှင့် ဆက်သွယ်ရေး နည်းလမ်းများ ကောင်းမွန်စွာ တည်ဆောက်ပြီးသည့် နိုင်ငံလည်းဖြစ်ပါသည်။

ရွေးကောက်ပွဲများကျင်းပရာတွင် လွတ်လပ်၍ တရားမျှတမှုရှိရန် ရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍမှာ အရေးကြီးသကဲ့သို့ သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းကြောင်း၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ စီးပွားရေးအခြေအနေများ၊ အခြေခံအဆောက်အအုံနှင့် ပြည်သူလူထု၏ ရွေးကောက်ပွဲနှင့်ဒီမိုကရေစီအား သိရှိနားလည်မှုရေချိန် စသည့်အချက်များပေါ်တွင် များစွာမူတည်နေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ကို တည်ဆောက်ရာတွင် နိုင်ငံ၏ ရေမြေ၊ အခြေအနေနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်များဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ခြင်းသည် အရေးကြီးသည့် အားလျော်စွာ အဆိုပါ ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်ပြည်သူလူထု၊ နိုင်ငံရေးပါတီများ အစရှိသည့် ရွေးကောက်ပွဲဆိုင်ရာ ပါဝင်သက်ဆိုင်သူများ (Electoral Stakeholders) များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်းအရေးကြီးကြောင်းကို တောင်ကိုရီးယားနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်လေ့လာ သုံးသပ်နိုင်စေရန် တင်ပြလိုက်ရပါသည်။ ။


ကျမ်းကိုး-

Eletion Data and Election Information Library, National Election Commission of South Korea, www.nec.go.kr

Elections in South Korea, Association of World Election Bodies (A-WEB), www.aweb.org

Country: South Korea, 2020 Parliamentary Elections and Electoral Systems in South Korea, Wikipedia

Electoral Politics in Southeast and East Asia: A Comparative Perspective by Aurel Croissant

၂၀၂၀ ပြည့်နှစ်တောင်ကိုရီးယားလွှတ်တော်ရွေးကောက်ပွဲများ၊ တောင်ကိုရီးယား ရွေးကောက်ပွဲ ကော်မရှင်အတွင်းရေးမှူး ဂျိုဠွန်းကီ

Republic of Korea ( Kuk-Hoe National Assembly), www.ipu.org

National Parliaments: South Korea, Law Library of Congress, www.loc.gov

# သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၅**
သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




### နည်းပညာရှင်များအထိ လေ့ကျင့်မွေးထုတ်

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်၊ မိမိတို့၏ ထုတ်ကုန်များ စံချိန်စံညွှန်းနှင့်အညီ ရှိ မရှိသတ်မှတ်အရည်အသွေးပြည့်မီမှု ရှိ မရှိ ဆန်းစစ်တိုင်းတာရန်၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ အမျိုးသားရေးလုပ်ငန်း တာဝန်များကို နိုင်ငံကိုယ်စားထမ်းဆောင်ရန် တာဝန်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရာတွင် အခြေခံကျွမ်းကျင် လုပ်သားများမှအစပြု၍ အဆင့်မြင့် နည်းပညာရှင်များအထိ လေ့ကျင့်မွေးထုတ်ပေးရန် တာဝန်ရှိပါကြောင်း။

နည်းပညာရှင်များသည် မိမိတို့ အတတ်ပညာ၊ နည်းပညာများကို မှန်မှန်ကန်ကန် အများပြည်သူအကျိုး၊ နိုင်ငံအကျိုးဖြစ်စေရန်၊ အသုံးချနိုင်စွမ်းရှိရန် လိုအပ်ပြီး ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်မျှော်မှန်းနိုင်ရန် လိုအပ်ကြောင်း၊ ဤသို့ဖြစ်ရန် Professional ပညာရပ်များ သာမက မိမိတို့လုပ်ဆောင်ချက်များ ကျင့်ဝတ်နှင့်အညီ ဖြစ်စေရန်၊ အသင်းအဖွဲ့စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်တတ်ရန်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်စွာ ဆောင်ရွက်တတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ အဆင့်မီ မိမိနိုင်ငံလိုအပ်ချက်နှင့် ကိုက်ညီသည့် နိုင်ငံအတွက် အကျိုးပြုသည့် ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် လိုအပ်သည့်အချက်များ ဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### မဟာဗျူဟာကျကျဆောင်ရွက်ရန်လို

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအပြင် သိပ္ပံနှင့်နည်းပညာကဏ္ဍကို ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများကို မဟာဗျူဟာကျကျ၊ နည်းစနစ်တကျနှင့် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

တိုင်းပြည်၏ ကုန်ထုတ်စွမ်းအား တိုးမြှင့်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ဒေသတွင်းတွင် ယှဉ်ပြိုင်ပြီး တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာရပ်များက အရေးကြီးသကဲ့သို့ အဆင့်မြင့်လုပ်ငန်းစဉ်များနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် ပြောင်းလဲလျက်ရှိသည့် လုပ်ငန်းခွင် နည်းပညာရပ်များနှင့် လိုက်လျောညီထွေပြီး ကျွမ်းကျင်မှု ပြည့်ဝစွာနှင့် ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ် Skillful Workforce က အဓိကလိုအပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ Skillful Workforce ကို သက်မွေးပညာ TVET Education ကသာလျှင် မွေးထုတ်ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်သည့်အတွက် အထူးအားစိုက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာပညာရေး စိစစ်အသိအမှတ်ပြုမှု ကော်မတီ၏ မူဝါဒ၊ စံချိန်စံညွှန်းများနှင့်အညီ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်နှင့် ရွှေပြည်သာ)တွင် စတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် စိစစ်မှုခံယူနိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လျာထားဖွဲ့စည်းပုံဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များက သိပ္ပံနှင့်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (NSPC) မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၅
**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (NSPC)၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်း၌ ကျင်းပသည်။** (ယာပုံ)



အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီဝင်များ၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနအလိုက် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် အဖိုးတန်ရတနာတန်းဝင်ပင်များဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်းနှင့် သင်းဝင်ပင်များ စိုက်ပျိုးကြသည်။

ယင်းနောက် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်း သစ်တောဦးစီးဌာနမှ အဖိုးတန်သစ်မျိုးစုံ၊ အရိပ်ရလေကာပင်နှင့် ဝါးမျိုးစုံ ၁၈၄၆ ပင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ နှစ်ရှည်စားပင် စုစုပေါင်း အပင် ၁၂၁၀၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ အလှပန်းပင် စုစုပေါင်း ၅၁၄ ပင်၊ စုစုပေါင်း အပင် ၃၅၇၀ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထားသည့် အကျယ် ၀ ဒသမ ၅ ဧက၊ အနက် ခုနစ်ပေရှိ ရေလှောင်ဂါလန် ၁၁ သိန်းခန့် သိုလှောင်နိုင်သည့် ကန်အမှတ်(၁)၊ အကျယ်နှစ်ဧက၊ အနက်ငါးပေရှိ ရေလှောင်ဂါလန် ၃၂ သိန်းခန့် သိုလှောင်နိုင်သည့် ကန်အမှတ်(၂) နှင့် အရှည်ပေ ၁၁၀၀ ရှိ ရေစုမြောင်း၊ အရှည် ၂၂၃ ပေရှိ ရေသွင်းမြောင်း၊ ကန်နှစ်ခုကို ဆက်သွယ်ထားသည့်အရှည်ပေ ၂၂၀ ရှိ ဆက်သွယ်ရေးမြောင်း၊ အရှည် ၁၆၅ ပေရှိ ရေထွက်မြောင်းနှင့် ရေကန် ပတ်လမ်းကူးတံတားနှစ်စင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနဝင်းအတွင်းရှိ အကျယ် ၁၄ ပေ၊ အရှည်ပေ ၃၅၀၀ ရှိသည့် မြေသားပတ်လမ်း ဖောက်လုပ်ထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၂၁ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၈ ကော်လံ ၂ တွင် ဖော်ပြပါရှိသည့် ဆောင်းပါးရှင် မေမြန်မာ၏ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများ အပေါ်လေ့လာခြင်း(တောင်ကိုရီးယားနိုင်ငံ)ဆောင်းပါးပါ ရွေးကောက်ပွဲစနစ်အသစ် (လွှတ်တော်ရွေးကောက်ပွဲများအတွက်) ခေါင်းစဉ်အောက်ရှိ **"ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အသက်အရွယ်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့ လျှော့ချခဲ့ပြီး "** အစား **" ဆန္ဒမဲပေးနိုင်သည့် အသက်အရွယ်ကို ၁၉ နှစ်မှ ၁၈ နှစ်သို့လျှော့ချခဲ့ပြီး"** ဟု လည်းကောင်း၊ စာမျက်နှာ ၉ ကော်လံ ၂ တွင် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း ခေါင်းစဉ်အောက်ရှိ **"အစိုးရအရာရှိများနှင့် ကိုယ်စားလှယ်လောင်းဖြစ်ရန် သတ်မှတ်တားမြစ်ထားခြင်းခံရသောသူများသည်"**အစား **"ကိုယ်စားလှယ်လောင်းဖြစ်ရန် ကန့်သတ်ထားခြင်းခံရသော အစိုးရအရာရှိများနှင့် အခြားပုဂ္ဂိုလ်များသည်"** ဟု လည်းကောင်း ပြင်ဆင်ဖော်ပြအပ်ပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၅**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၂ ဒသမ ၉၅ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ကျောက်ဖြူမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၈၉ လက်မစီ၊ ရေးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**